# ပန်းသီးငယ်သုံးလုံးရေတွက်ခြင်းကာရံနဘေတေးကဗျာ

| *ပြောပါ* | *အမူအရာများ* |
|---|---|
| ပန်းသီး**ပင်**တစ်ပင်တွင် ပန်းသီးငယ်**သုံး**လုံး ရှိသည်။ ပန်းသီးငယ်သုံးလုံး **ကျွန်ုပ်**အား ငုံ့ပြီးပြုံးပြခဲ့သည်။ |  |
| ထိုအပင်အား ကျွန်ုပ်**တတ်နိုင်**သမျှ အစွမ်းကုန် လှုပ်ရမ်းခဲ့သည်။ | |
| ပန်းသီးတစ်လုံးကျခဲ့သည်- (ကွက်ခနဲကိုက်သံ) *mmm-mmm* ***<u>ကောင်းလိုက်တာ</u>*** |  |
| | |
| ပန်းသီး**ပင်**တစ်ပင်တွင် ပန်းသီးငယ်**နှစ်**လုံးရှိသည်။ ပန်းသီးငယ်နှစ်လုံး**ကျွန်ုပ်**အား ငုံ့ပြီးပြုံးပြခဲ့သည်။ |  |
| ထိုအပင်အား ကျွန်ုပ်**တတ်နိုင်**သမျှ အစွမ်းကုန် လှုပ်ရမ်းခဲ့သည်။ | |
| ပန်းသီးတစ်လုံးကျခဲ့သည်- (ကွက်ခနဲကိုက်သံ) *mmm-mmm* ***<u>ကောင်းလိုက်တာ</u>*** |  |
| | |
| ပန်းသီး**ပင်**တစ်ပင်တွင် ပန်းသီးငယ်**တစ်**လုံးရှိသည်။ ပန်းသီးငယ်တစ်လုံး **ကျွန်ုပ်**အား ငုံ့ပြီးပြုံးပြခဲ့သည်။ |  |
| ထိုအပင်အား ကျွန်ုပ်**တတ်နိုင်**သမျှ အစွမ်းကုန် လှုပ်ရမ်းခဲ့သည်။ | |
| ပန်းသီးတစ်လုံးကျခဲ့သည်- (ကွက်ခနဲကိုက်သံ) *mmm-mmm* ***<u>ကောင်းလိုက်တာ</u>*** |  |
| | |
| ပန်းသီး**ပင်**ပေါ်တွင် ပန်းသီးငယ်များ **မရှိတော့ပေ။** |  |
| ပန်းသီးငယ်သုံးလုံး **ကျွန်ုပ်**အထဲတွင်ရောက်သွားသည်။ | |

The clipart graphics are from http://clipart-library.com/

ချစ်ခင်ရပါသော မိဘများ။

ဤရေတွက်ခြင်းကဗျာအား အမူအရာဖြင့်ပြုလုပ်ခြင်းသည် သင့်ကလေး **ရေတွက်ခြင်းပုံစံ**အား ပျော်ရွှင်စေသည့် နည်းလမ်းတစ်ခုအဖြစ် သင်ယူရန် အကူအညီပေးသည်။ ငယ်ရွယ်သောကလေးများသည် တူညီသောအရာများအား မကြာခဏ ထပ်ခါထပ်ခါပြုလုပ်ခြင်းကို နှစ်သက်ကြသည်။ ဤအရာသည် သူတို့သင်ယူသည့် နည်းလမ်းတစ်ခုဖြစ်သည်။

သင်နှင့်သင့်ကလေးများအတွက် ပျော်စရာဖြစ်စေရန် အမူအရာများကို လွတ်လပ်စွာ ပြောင်းလဲနိုင်ပါသည်။ သင့်ကလေးသည် အမူအရာများသင်ယူပြီးသည့်နောက်တွင် သင်သည်ပန်းသီးလေးလုံး သို့မဟုတ် ပန်းသီးငါးလုံးဖြင့် စတင်ခြင်းအားဖြင့် ရေတွက်နည်းပုံစံပြောင်းနိုင်သည်။

**ကာရံနဘေတေးကဗျာ**သည် ကလေးများစာဖတ်ရန်အတွက် အဆင်သင့်ဖြစ်စေရန် ကူညီပေးသည်။ ကာရံနဘေစာသားများသည် ကျောင်းသား/သူများ စာလုံးများမှ ပုံစံများကို နားထောင်ပြီး ကြိုတင်ခန့်မှန်းခြင်းများပြုလုပ်ရန် ကူညီပေးသည်။

စာလုံးများတေးသွားသည် စာသားများ၏အသံအဆုံးတွင် တူညီစွာရှိနေသည်။ အင်္ဂလိပ်တွင် "သစ်ပင်"နှင့် "ကျွန်ုပ်" ဟူသောစာသားသည် ကာရံကိုက်ညီသည်။ အဘယ်ကြောင့်ဆိုသော် နှစ်ခုစလုံးတွင် / ē / အသံဖြင့်အဆုံးသတ်သည်။

အကယ်၍ သင်ကလေးဘဝတွင် ဆိုခဲ့သောသီချင်းတစ်ပုဒ်ရှိပြီး ဆိုပြလိုပါက သင့်ကလေးများနှင့်အတူဆိုပါ။ သီချင်းများနှင့် ကဗျာများရှိ စာသားများတွင် မကြာခဏဆိုလို ကာရံနဘေများပါတတ်သည်။ သီချင်း သို့မဟုတ် ကဗျာအား လုံလောက်သောအကြိမ်များဖြင့် ထပ်ခါထပ်ခါ ဆိုပြီးပါက သင့်ကလေးအား ထိုအရာကို မှတ်မိဖို့ အခွင့်အရေးတစ်ခုပေးရန် ကာရံနဘေစာသားများအား သင်မပြောမှီတွင် တုံ့ဆိုင်းလိုက်နိုင်သည်။

***အကယ်၍ သင်သည် အိမ်တွင် အင်္ဂလိပ်စကားအပြင် အခြားသောဘာသာစကားပြောပါက -***

**ရေတွက်ခြင်း**အားလေ့ကျင့်ရန် သင်သည် “Three Little Apples” "ပန်းသီးငယ်သုံးလုံး" ဘာသာပြန်ထားခြင်းအား အသုံးပြုနိုင်သည်။ ဘာသာပြန်တွင် များသောအားဖြင့် ကာရံနဘေပုံစံတစ်ခု ပါဝင်မည်မဟုတ်ပေ။

သင့်ကလေးများ **ကာရံနဘေပုံစံများအားနားလည်ရန်**ကူညီရာတွင် သင့်ဘာသာစကားဖြင့် သင်မှတ်မိသော သီချင်းများသီဆိုခြင်း သို့မဟုတ် ကဗျာတစ်ပုဒ်အားပြောခြင်းဖြင့် ကာရံနဘေကဲ့သို့ စာသားများရှိပုံစံများနားထောင်ရန် သင့်ကလေးများသင်ယူခြင်းဖြင့် ကူညီပါ။

အကယ်၍ သင့်ကလေးများ ဆွေမျိုးများနှင့် ဖုန်းခေါ်ဆိုခြင်း သို့မဟုတ် “face time” ပြောဆိုရဖို့ဖြစ်နိုင်ပါက သူတို့သည် သင့်ကလေးများနှင့်အတူ ကလေးများ၏ အကြိုက်ဆုံးသီချင်းများ သို့မဟုတ် ကဗျာတစ်ပုဒ်သီဆိုခြင်းအားဖြင့် အချိန်အချို့ အသုံးပြုနိုင်သည်။